ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
နှင့်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့
တို့အကြား
မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန်
စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး
သဘောတူစာချုပ်

မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရာတွင် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်ရေး၊ သစ်တောနှင့် ဂေဟဗေဒစနစ်တို့ကို ဘေးကင်းလုံခြုံစေရန်၊ ဖျက်ပိုးကျရောက်မှုလေ့လာ ဆန်းစစ်ခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ကျန်းမာရေး သဘောတူညီချက်အရ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) (နောင်တွင်တရုတ်နိုင်ငံဘက်ဟု ခေါ်ပါမည်) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (နောင်တွင် မြန်မာနိုင်ငံဘက်ဟု ခေါ်ပါမည်) တို့သည် မြန်မာ့ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်ကို အောက်ပါအတိုင်း ရင်းနှီးစွာ ညှိနှိုင်းဆောင်ရွက်ကြရန် သဘောတူညီကြပါသည်။

အပိုဒ် (၁)

ဆန် (*Oryza sativa* L.) ဆိုသည်မှာ အခွံနှင့် ဖွဲ စသည်တို့ မပါရှိစေရန် သန့်စင်ကြိတ်ခွဲထားသော ဆန်ချောနှင့်ဆန်ကွဲကို ရည်ညွှန်းသည်။

အပိုဒ် (၂)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အပင်ပိုးမွှားရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို လိုက်နာရမည်။



၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သတ်မှတ်ထားသော ထိန်းချုပ်ဖျက်ပိုးများ ကင်းရှင်းရမည်။ စပါးခွံ၊ ဖွဲ၊ ပင်စည်၊ အရွက်၊ ပေါင်းစေ့များနှင့် အခြားပင်ကြွင်းပင်ကျန်များနှင့် မြေကြီး ကင်းရှင်းရမည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တင်ပို့ရာတွင် ယင်းနိုင်ငံ၏ စံချိန်စံညွှန်းများ၊ ခွင့်ပြုနိုင် သော စိုက်ပျိုးရေးသုံး ဓာတုဆေးဓါတ်ကြွင်းများနှင့် ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ နှင့် သက်ဆိုင်သော နည်းဥပဒေများကို လိုက်နာရမည်။

အပိုဒ် (၃)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့မည့် ဆန်များ ပြုပြင်ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း တင်ပို့ခြင်း ဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့အစည်းများ/ကုမ္ပဏီများသည် မြန်မာနိုင်ငံဘက်မှ တရားဝင် ထောက်ခံပြီးမှသာ တရုတ်နိုင်ငံဘက်မှ အတည်ပြုမှတ်ပုံတင်မည်။

ဤစာချုပ်ပါအချက်များနှင့် ကိုက်ညီမှု မရှိပါက နောက်ကြောင်းလိုက်နိုင်ရန်အတွက် မှတ်ပုံတင်ရာတွင် တင်ပို့မည့် ကုန်ပစ္စည်းများအမည်၊ လိပ်စာနှင့် မှတ်ပုံတင်ရန် နံပါတ် (code) တို့ကို ဖော်ပြရမည်။ မြန်မာနိုင်ငံဘက်မှ ပို့ကုန်လုပ်ငန်း မှတ်ပုံတင်ထားသည့် လုပ်ငန်းအဖွဲ့ အစည်းများ/ကုမ္ပဏီများ၏ အမည်စာရင်းကို ပြုစု၍ တရုတ်နိုင်ငံဘက်သို့ နှစ်စဉ် ဆန်တင်ပို့ချိန် မတိုင်မီ ပေးပို့ရမည်။

အပိုဒ် (၄)

မြန်မာနိုင်ငံ၏စပါးစိုက်ပျိုးသည့် ဧရိယာတွင် တရုတ်နိုင်ငံ၏ သတ်မှတ်ထားသော ထိန်းချုပ်ဖျက်ပိုး ပေါက်ပွားမှု လျော့နည်းစေရန် ဘက်စုံသီးနှံကာကွယ်နှိမ်နင်းရေး နည်းလမ်း များကို အသုံးပြုရမည်။

ဆန်စက်များတွင် ဆန်ပိုးများဖြစ်သည့် ကာဖရာကျိုင်း (*Trogoderma granarium* Everts) နှင့် ကျိုင်းနီ (*Cryptolestes pusilloides* Stee et Howe) တို့ကို ရှာဖွေပြီး ထောင်ချောက်များဖြင့် နှိမ်နင်းရမည်။ ၁၀၀ စတုရန်းမီတာလျှင် ထောင်ချောက်တစ်ခုနှုန်းဖြင့် အသုံးပြုကာ ကောက်ယူရရှိသော ဖျက်ပိုးများကို အပတ်စဉ် မှတ်တမ်းပြုစုထားပြီး တရုတ်နိုင်ငံ ဘက်သို့ တင်ပြရပါမည်။

မြန်မာနိုင်ငံမှ ဆန်ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ ဆောင်ရွက် ရာတွင် မှိုတက်ခြင်း (သို့) မြေကြီး၊ ပင်ကြွင်းပင်ကျန်များ၊ ပေါင်းစေ့များ၊ ဖုံ၊ ခဲ၊ သလဲ မပါရှိစေရန် ကာကွယ်နှိမ်နင်းခြင်းပြုလုပ်ရမည်။ ဆန်နှင့်အတူ အခြားအစေ့အဆန်များ၊ ဖုံ၊ ခဲ၊ သလဲများ

ပါဝင်ခြင်းကို တင်းကျပ်စွာ တားမြစ်ထားပါသည်။ မြန်မာနိုင်ငံဘက်မှ အထက်ဖော်ပြပါ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို တရုတ်နိုင်ငံဘက်သို့ တင်ပြရမည်။

အပိုဒ် (၅)

မြန်မာနိုင်ငံမှ တင်ပို့မည့် ဆန်ထုတ်ပိုးသည့် နေရာများသည် သန့်ရှင်းပြီး ဘေးဖြစ်စေသည့် သက်ရှိဇီဝပိုးများ ကင်းစင်ရမည်။ ကြိတ်ခွဲ ထုတ်ပိုးပြီးသည့် ဆန်များကို သီးသန့် သိုလှောင်ထားရမည်။

မြန်မာနိုင်ငံမှ တင်ပို့မည့်ဆန်များကို ထုတ်ပိုးရာတွင် သေတ္တာ/အိတ် အသစ်ကိုသာ အသုံးပြုရမည့်အပြင် ဘေးဖြစ်စေသည့် သက်ရှိဇီဝပိုးများနှင့် အဆိပ်ဖြစ်စေသော ပစ္စည်းများ မပါဝင်စေရပါ။

ဆန်ထုတ်ပိုးသည့် သေတ္တာ/အိတ် များတွင် "တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့" ဟူသော အမှတ်အသားနှင့် ဆန်၏အုပ်စု၊ ကြိတ်ခွဲသည့်စက်ရုံ၊ တင်ပို့သူအမည်၊ လုပ်ငန်းမှတ်ပုံတင် အမှတ်နှင့် ကုမ္ပဏီလိပ်စာတို့ကို တရုတ်၊အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြရမည်။

တင်ပို့သည့်ဆန်အားသယ်ယူရာတွင် တရုတ်နိုင်ငံ၏ သတ်မှတ်ထားသော ထိန်းချုပ်ဖျက်ပိုးများ ကင်းစင်ပြီး၊ အခွံ၊ ကိုင်းများ၊ အရွက်များ၊ ပေါင်းစေ့များ၊ မြေကြီးတို့ ပါဝင်ခြင်း မရှိစေရပါ။

အပိုဒ် (၆)

တင်ပို့ခြင်းမပြုမီ မြန်မာနိုင်ငံဘက်မှ တင်ပို့မည့် ဆန်များကို ပိုးမွှားရောဂါ ကင်းစင်မှု ရှိမရှိ စစ်ဆေးခြင်းပြုလုပ်ရမည်။ ဤသဘောတူညီချက်ပါ လိုအပ်ချက်များနှင့် ပြည့်စုံပါက ယင်းဆန် အတွက် ပိုးမွှားရောဂါကင်းရှင်းကြောင်း သက်သေခံလက်မှတ်ထုတ်ပေးရမည်။ "ယခုအကြိမ် တင်ပို့သည့် ဆန်များသည် ဤသဘောတူညီချက်ပါ လိုအပ်ချက်များနှင့် ပြည့်စုံပြီး တရုတ်နိုင်ငံ၏ သတ်မှတ်ထားသော ထိန်းချုပ်ဖျက်ပိုးများ ကင်းစင်ကြောင်း" သီးသန့်ဖော်ပြရမည်ဖြစ်သည်။ ယင်းသက်သေခံလက်မှတ်၏ပုံစံသည် အပြည်ပြည်ဆိုင်ရာအပင်ကျန်းမာရေး စံချိန်စံညွှန်း အမှတ်စဉ် (၁၂) နှင့် ကိုက်ညီရမည်ဖြစ်သည့်အပြင် နမူနာသက်သေခံလက်မှတ် တစ်စောင်အား တရုတ်နိုင်ငံသို့ အတည်ပြုရန်နှင့် မှတ်တမ်းတင်ရန်အတွက် ပေးပို့ရမည်။

အပိုဒ် (၇)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မတင်ပို့မီ မြန်မာ့ဆန်များတွင် ပိုးအရှင်များ၊ သို့လောင် ဖျက်ပိုးများ မပါရှိစေရန် အဆိပ်ငွေ့မှိုင်းတိုက်ခြင်းပြုလုပ်ပြီး တရားဝင် အဆိပ်ငွေ့မှိုင်းတိုက် ပြီးကြောင်း သက်သေခံလက်မှတ် ထုတ်ပေးရမည်။ နှစ်ဘက်စလုံးမှ အဆိပ်ငွေ့မှိုင်းတိုက် ခြင်းနှင့် ပိုးမွှားရောဂါကင်းစင်စေရန် ဆောင်ရွက်မည့်နည်းလမ်းများကို ပူးတွဲ၍ ဆောင်ရွက် ရမည်။ သင်္ဘောမတင်မီ သယ်ယူပို့ဆောင်သည့်နည်းစနစ်တွင် အန္တရာယ်ရှိဇီဝမျိုးစိတ်များ ဆန်နှင့်အတူ ရောနှောမပါရှိစေရန် စစ်ဆေးခြင်းနှင့် ပိုးသတ်ခြင်းတို့ကို စေ့စပ်သေချာစွာ ဆောင်ရွက်ရမည်။

အပိုဒ် (၈)

မြန်မာ့နိုင်ငံမှဆန်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဝင်ပေါက်စခန်းသို့ ရောက်ရှိသည့် အခါတွင် အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) သည် စစ်ဆေးခြင်းနှင့် ပိုးမွှား ရောဂါပြန့်ပွားမှုထိန်းချုပ်ခြင်းတို့ကို ယင်းနိုင်ငံ၏ ဥပဒေအရ အရေးယူဆောင်ရွက်မည်။ ဆိပ်ကမ်းတွင် အကောက်ခွန် အုပ်ချုပ်မှုအာဏာပိုင်များသည် "ပိုးမွှားရောဂါ ကင်းရှင်းကြောင်း သက်သေခံလက်မှတ်"နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများအား တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ပိုးမွှားရောဂါကင်းစင်မှုရှိမရှိ စစ်ဆေးခြင်းကို ပြုလုပ်ဆောင်ရွက်မည်။

အပိုဒ် (၉)

မြန်မာနိုင်ငံဘက်မှ ဖျက်ပိုးအသစ်တွေ့ရှိပါက ယင်းဖျက်ပိုးနှင့် ဆက်စပ်သည့် ဆောင်ရွက်လုပ်ကိုင်မှုများကိုပါ တရုတ်နိုင်ငံဘက်သို့ ချက်ခြင်းအကြောင်းကြားရမည်။ မြန်မာ နိုင်ငံဘက်မှ သဘောတူညီချက် ရရှိပြီးနောက် တရုတ်နိုင်ငံဘက်အနေဖြင့် ဆန်တွင် ကျရောက် သည့် ပိုးမွှား ရောဂါများအား စုံစမ်းစစ်ဆေးမှုနှင့် နှိမ်နင်းမှုလုပ်ငန်း ပူးတွဲလုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံသို့ ပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူများအား စေလွှတ်မည်။ မြန်မာဆန်များတွင် ဖျက်ပိုးများဆိုးဝါးစွာ ကူးစက်ပြန့်ပွားမှု ကြုံတွေ့ရပါက တရုတ်နိုင်ငံဘက် အနေဖြင့် ဖျက်ပိုးအန္တရာယ်အကဲဖြတ်ခြင်းနှင့် အထက်ပါ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ် ခြင်းဆိုင်ရာ လိုအပ်ချက်များအား ကူညီဆောင်ရွက်ပေးမည်။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နှစ်နိုင်ငံ ဆွေးနွေးသည့်အပေါ်တွင် အခြေခံ၍ တရုတ်နိုင်ငံဘက်မှ ထိန်းချုပ်ဖျက်ပိုး များ စာရင်းနှင့် ယင်းတို့ ပြန့်ပွားမှုထိန်းချုပ်ခြင်းဆိုင်ရာ နည်းလမ်းများအား ဆောင်ရွက်သွား မည်။

အပိုဒ် (၁၀)

တင်သွင်းနေစဉ် ကာလအတွင်း မည်သည့်ထိန်းချုပ်ပိုးမွှားမဆို တွေ့ရှိပါက တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံရှိ ဆန်စက်များအား စစ်ဆေးရန် ကျွမ်းကျင်သူများ စေလွှတ်ပြီး ဖျက်ပိုးကင်းထောက်ခြင်းနှင့် သန့်စင်မှု မတိုင်မီ စစ်ဆေးခြင်းတို့အား ဆောင်ရွက်သွားမည်။ မြန်မာနိုင်ငံတင်ပို့သူများဘက်မှ အဆိုပါတရုတ်ကျွမ်းကျင်သူများအတွက် ကုန်ကျစရိတ် (အသွားအပြန်စရိတ်၊ တည်းခိုနေထိုင်စရိတ်နှင့် လိုအပ်သည့်ကုန်ကျစရိတ်) တို့အား ကျခံရမည်။ မြန်မာနိုင်ငံဘက်မှ ဖိတ်ကြားစာပေးပို့ခြင်းနှင့် မြန်မာနိုင်ငံအတွင်း ခရီးစဉ်စီစဉ်ခြင်းတို့အား ဆောင်ရွက်ပေးရမည်။

အပိုဒ် (၁၁)

နှစ်ဘက်စလုံးမှ နိုင်ငံတိုင်း၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ရာတွင် ယင်းကိုမချိုးဖေါက်ရန် သဘောတူညီရမည်။

အပိုဒ် (၁၂)

ဤသဘောတူစာချုပ်သည် လက်မှတ်ရေးထိုးသည့်နေ့မှ စတင်အတည်ဖြစ်စေပြီး အတည်ဖြစ်သည့်နေ့မှ နှစ်နှစ်ကာလ အပိုင်းအခြားအတွက် အတည်ဖြစ်စေရမည်။ ယင်းနောက်ပိုင်းတွင် နှစ်ဘက်စလုံးမှ စာချုပ်သက်တမ်းမကုန်ဆုံးမီ (၆) လ အလိုတွင် ပြုပြင်ပြောင်းလဲခြင်း၊ ပြင်ဆင် ခြင်းများပြုလုပ်နိုင်ပြီး ထိုသို့ပြုလုပ်ခြင်းမရှိပါက အလိုအလျောက် သက်တမ်း (၂) နှစ်ထပ်မံရရှိပါမည်။ ဤသဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အငြင်းပွားမှုတစုံတရာပေါ်ပေါက်ပါက နှစ်ဖက်စလုံးမှ ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးရမည်။

ဤသဘောတူစာချုပ်သည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် နေပြည်တော်၌ ချုပ်ဆိုထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကုန်ပစ္စည်း အရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေး အုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (AQSIQ) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အကြား မြန်မာနိုင်ငံမှဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်ကို ပြင်ဆင်ထားသည့် စာချုပ်ဖြစ်ပါသည်။

ဤပြင်ဆင်ထားသည့် သဘောတူစာချုပ်ကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာဖြင့် (၂)စောင်စီ ပြုလုပ်၍ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ (၁၇) ရက်နေ့တွင်

နေပြည်တော်၌ လက်မှတ်ရေးထိုးကြပါသည်။ ယင်းစာမူများသည် တရားဝင်၍ တူညီသော မူမှန်များ ဖြစ်ကြပါသည်။ မြန်မာဘာသာနှင့် တရုတ်ဘာသာ စာမူများ အဓိပ္ပါယ်ကွဲလွဲမှုရှိခဲ့သော် အင်္ဂလိပ်ဘာသာဖြင့် စာမူသည် လွှမ်းမိုး၍ အတည်ဖြစ်ရမည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း
ဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

H.E. NI Yuefeng
ဝန်ကြီး
အကောက်ခွန် အထွေထွေအုပ်ချုပ်မှု
အာဏာပိုင်အဖွဲ့
တရုတ်ပြည်သူ့သမ္မတနိုင်ငံ

နောက်ဆက်တွဲ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထိန်းချုပ်ဖျက်ပိုးများစာရင်း

၁။ ကာဗရာကျိုင်း

၂။ ကျိုင်းနီ

၃။ ပဲမျိုးစုံအစေ့ထိုးပိုး

၄။ Burr grass/Mossam river grass

၅။ ဇာမဏီ/နေဒဗန်

၆။ ပြောင်းစားဘီလူး

၇။ Johnson grass

၈။ ကိုင်းစေ့ (*Saccharum spontaneum*)

# Protocol on Plant Inspection and Quarantine Requirements for Exporting Rice from Myanmar to China between the Ministry of Agriculture, Livestock and Irrigation of the Republic of the Union of Myanmar and the General Administration of Customs of the People's Republic of China

To ensure the safety of export rice from Myanmar to China, and to ensure the safety of agricultural production, forestry industry and ecological of China, according to the results of pest risk analysis and the relevant principles the WTO's *Protocol on the Application of Sanitary and Phytosanitary Measures* (SPS Protocol), the General Administration of Customs of the People's Republic of China (GACC) (hereinafter referred to as "Chinese side") and the Ministry of Agriculture, Livestock and Irrigation of the Republic of the Union of Myanmar (referred to as "Myanmar side") have reached the following Protocol on inspection and quarantine requirements for importing Myanmar rice through friendly consultation.

## Article 1

The rice (*Oryza sativa* L.) mentioned in this Protocol refers to polished rice and broken rice that has undergone milling processing without rice husk and other impurities.

## Article 2

The rice exported to China shall comply with the relevant laws and regulations for plant quarantine in China and shall be free of quarantine pests of concern to by China (see the Annex) and impurities such as rice husk, bran, stems, leaves, weed seeds and other plant residues and soil particles.

The rice exported to China shall comply with the Chinese national standards and relevant regulations about the allowable residue limit to agrochemicals and hazardous and noxious substances.

## Article 3

The enterprises/companies that export, process and store rice for export to China shall be recommended by the Myanmar side and approved and registered by the Chinese side. The registration information shall include the name, address and registration code for accurate traceability when export goods do not meet the related provisions of this Protocol, and the list of registered enterprises/companies shall be provided by Myanmar side to the Chinese side before the export season each year.

## Article 4

Myanmar side shall, in the rice growing areas, adopt integrated pest prevention and control measures for the quarantine pests of concern to China to reduce the occurrence of the pests.

Myanmar side shall carry out investigation on *Trogoderma granarium* Everts and *Cryptolestes pusilloides* (Stee et Howe) in rice processing factories and installed traps in rice processing factories. The density of traps shall be 1 piece per 100 square meters. The trapping results shall be checked and recorded each week. The Myanmar shall provide these results to the Chinese side.

In processing, storage and transportation processes of Myanmar rice for export to China, the Myanmar side shall take protective measures to prevent rice from mildewing or being mixed with soil particles, plant residues, weed seeds and impurities. It is strictly prohibited to artificially add or mix rice with other grains or impurities. The Myanmar side shall provide the information about the implementation of the above measures to Chinese side.

## Article 5

The packing places and packaging processes for rice for export to China shall be kept clean and free of harmful biological infection. The rice that has been processed and packed shall be stored separately.

The packing bags/boxes for rice for export to China shall be new and not contaminated by harmful biological species and toxic and harmful substances.

The packing bags/boxes for rice for export to China shall be marked "To the People's Republic of China" and all information that can identify rice type,

processing factory, name of exporter, registration code and address of related enterprise in both English and Chinese.

The means of transport for rice for export to China shall comply with the requirements of safety and health and shall be free of quarantine pests of concern to China, husks, branches, leaves, weed seeds and soil particles.

**Article 6**

Prior to export, Myanmar side shall conduct inspection and Quarantine of rice. Myanmar side shall issue the plant quarantine certificate for rice that meets the requirements of this Protocol and mark on the additional statement of the certificate that "This batch of rice meets the requirements of *The Protocol on Plant Inspection and Quarantine Requirements for Exporting Rice from Myanmar to China* and is free of quarantine pests of concern to China". The format of the certificate shall comply with the ISPM12 standard and a sample certificate shall be provided to China for confirmation and recording.

**Article 7**

Before export to China, Myanmar rice shall undergo fumigation treatment to ensure that rice for export to China is free of live insects, especially storage pests, and the Myanmar side shall issue the official fumigation certificate. Treatment agents and treatment methods shall jointly be determined by both sides. Before shipment, the means of transport shall undergo thorough inspection and disinfection to prevent harmful biological species from being mixed with rice.

**Article 8**

When Myanmar rice arrives at the port of entry, Chinese Customs of GACC shall implement inspection and quarantine according to law. The port customs authorities will verify "*Phytosanitary Certificate*" and other relevant certificate documents and implement entry inspection and quarantine.

## Article 9

The Myanmar side shall promptly inform to the Chinese side the occurrence of new pest and take relevant measures. When necessary, after being agreed by the Myanmar side, Chinese side will send quarantine experts to Myanmar to carry out joint investigation on occurrence and prevention and control of rice pests and diseases. According to the Myanmar rice outbreak and epidemic interception situation, Chinese side will carry out further risk assessment and retrospective review of the above plant quarantine requirements. Based on consultation with the Myanmar side, Chinese side will adjust the list of quarantine pests and the relevant quarantine measures.

## Article 10

Once any quarantine pest is detected during import, Chinese side will send experts to Myanmar rice processing factories to carry out pest survey and pre-clearance inspection. The relevant costs (including international transportation fees, board, lodging and necessary expenses) shall be borne by the relevant exporters of Myanmar. Myanmar side shall be responsible for sending the invitation and assisting the travel arrangements in Myanmar.

## Article 11

Both sides agree that this Protocol will not violate or impact the implementation of the laws and regulations of each country.

## Article 12

This Protocol shall come into effect on the date it is signed and shall be valid for a period of 2 years. If both sides do not require any amendment or termination 6 months prior to the expiration, the validity will automatically extend 2 years. Any dispute arising in implementation of this Protocol shall be amicably settled by both sides through friendly negotiation.

This Protocol is an amendment to "The Protocol on Plant Inspection and Quarantine Requirements for Exporting Rice from Myanmar to China between the General Administration of Quality Supervision, Inspection and Quarantine of the People's Republic of China and the Ministry of Agriculture and Irrigation of the

Republic of the Union of Myanmar" which was signed on September 24th, 2014 in Nay Pyi Taw, signed and effected on January 17th, 2020 in Nay Pyi Taw. It is made out in duplicate in Chinese, Myanmar and English, and each version is equally authentic. In case of any discrepancy, the English version shall prevail. When this Protocol takes effect, the original Protocol shall automatically be abolished.

For Ministry of Agriculture, Livestock and Irrigation of
The Republic of the Union of Myanmar

H.E. Dr. Aung Thu
Union Minister

For The General Administration of Customs of
The People's Republic of China

H.E. NI Yuefeng
Minister

**Annex**

**List of Quarantine Pests of Concern to China**

1. *Trogoderma granarium*
2. *Cryptolestes pusilloides* (Stee et Howe)
3. *Callosobruchus oraculates*
4. *Cenchrus echinatus*
5. *Chromolaena odorata* (L.) King & Robinson
6. *Striga hermonthica*
7. *Sorghum helepens*
8. *Saccharum spontameum*